# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ ဖွန်လအတွင်း အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများသို့သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ခြင်းနှင့် စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက် သတင်းထုတ်ပြန်ချက် အမှတ်စဉ် ( ၈ /၂၀၂၁)

၁။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၄၃ အရ အကျဉ်းကျနေသူများ၊ အချုပ်အနှောင်ခံနေရသူများ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်ထားခြင်း ခံရသူများကို လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ပြည်တွင်း ဥပဒေများနှင့်အညီ လူသားချင်းစာနာထောက်ထားမှုဖြင့် စောင့်ရှောက်ထားခြင်း ရှိ၊ မရှိ စိစစ်နိုင်ရန် အတွက် အကျဉ်းထောင်၊ အကျဉ်းစခန်း၊ ရဲစခန်းအချုပ်ခန်း၊ တရားရုံးအချုပ်ခန်းနှင့် ဆေးရုံ အချုပ် ခန်းများကို လျာထားချက်များရေးဆွဲ၍ ကြည့်ရှုစစ်ဆေးလျက်ရှိပါသည်။

၂။ ကြည့်ရှုစစ်ဆေးရာတွင် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများအတွင်းရှိ နေရာ များ၊ အကျဉ်းသား၊ အချုပ်သားများ၏ အသုံးအဆောင်များကို ကော်မရှင်ဥပဒေပုဒ်မ ၄၄ နှင့်အညီ ကြည့်ရှုစစ်ဆေးခြင်းများအပြင် အကျဉ်းသား၊ အချုပ်သားများကို လွတ်လပ်စွာ သီးခြားတွေ့ဆုံ မေးမြန်းခြင်းများကိုပါ ဆောင်ရွက်ခဲ့ပြီး ကော်မရှင်၏ တွေ့ရှိချက်နှင့် အကြံပြုတိုက်တွန်းချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများသို့ အကြောင်းကြားဆောင်ရွက်လျက်ရှိပါသည်။

၃။ ၂၀၂၁ ခုနှစ် ဇန်နဝါရီလမှ ဖွန်လအထိ အကျဉ်းထောင် ( ၆ ) ခု၊ အကျဉ်းစခန်း ( ၅ ) ခု၊ ရဲစခန်းအချုပ်ခန်း ( ၉ ) ခုတို့ကို အောက်ပါအတိုင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်-

(က) မေလ ၁၁ ရက်နေ့မှ ၁၃ ရက်နေ့အထိ စစ်တွေအကျဉ်းထောင်နှင့် စစ်တွေမြို့ပေါ်ရှိ မြို့မရဲစခန်းအချုပ်ခန်း၊

(ခ) မေလ ၁၈ ရက်နေ့မှ ၂၀ ရက်နေ့အထိ သံတွဲအကျဉ်းထောင်၊ သံတွဲမြို့ပေါ်ရှိ မြို့မ ရဲစခန်းအချုပ်ခန်းနှင့် ဂျိတ္တောနယ်မြေရဲစခန်းအချုပ်ခန်းများ၊

(ဂ) မေလ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့အထိ ကျောက်ဖြူအကျဉ်းထောင်၊ ကျောက်ဖြူမြို့ ပေါ်ရှိ မြို့မရဲစခန်းအချုပ်ခန်း၊

(ဃ) ဖွန်လ ၃ ရက်နေ့တွင် မင်းကုန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင် စခန်း၊

(င) ဖွန်လ ၇ ရက်နေ့မှ ၁၀ ရက်နေ့အထိ တောင်ငူအကျဉ်းထောင်၊ (၄) မိုင်ကုန်ထုတ် စခန်း၊ အမှတ်(၁) မြို့မရဲစခန်း၊ အမှတ် (၂) နယ်မြေရဲစခန်း၊ အမှတ် (၃) နယ်မြေ ရဲစခန်း၊ ကျွန်းကုန်းနယ်မြေရဲစခန်းနှင့် မြို့သစ်နယ်မြေရဲစခန်းများ၊

(စ) ဖွန်လ ၁၁ ရက်နေ့တွင် ရွှေမြယာနှင့် လေ့လှော်အင်း စိုက်ပျိုးမွေးမြူရေးနှင့် အသက် မွေးမှုအတတ်သင်စခန်းများ၊

(ဆ) ဖွန်လ ၁၆ ရက်နေ့တွင် သာယာဝတီဗဟိုအကျဉ်းထောင်၊

(ဇ) ဇွန်လ ၂၁ ရက်နေ့တွင် တောကြီးတန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်း၊

(ဈ) ဇွန်လ ၂၄ ရက်နေ့တွင် ဒိုက်ဦးဗဟို အကျဉ်းထောင်၊

၄။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့နှင့် သီးခြားတွေ့ဆုံလိုသည့် အကျဉ်းသား/သူ၊ အချုပ်သား/သူ(၅၉ ) ဦး တို့ကို သီးခြားလက်ခံတွေ့ဆုံခဲ့ပြီး ယင်းတို့၏ အခက်အခဲများ၊ လူ့အခွင့်အရေးချိုးဖောက် ခံရမှုများ၊ တရားရေးဆိုင်ရာ တင်ပြချက်များအပေါ် မှတ်တမ်းတင်စိစစ်ကာ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနသို့ အကြောင်းကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။

၅။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကြည့်ရှုစစ်ဆေးရာတွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေးကော်မရှင် ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ "ကုလသမဂ္ဂက ပြဋ္ဌာန်းထားသည့် အကျဉ်းသားများအပေါ် ပြုမူဆက်ဆံမှုနှင့် စပ်လျဉ်းသော အနိမ့်ဆုံးစံနှုန်းများနှင့် ညီ/ မညီ ကြည့်ရှုစစ်ဆေး ရာ အောက်ပါစစ်ဆေးတွေ့ရှိချက်များကိုသက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခဲ့ပြီးဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | ကျန်းမာရေးဆိုင်ရာ | ၂၁ | ချက် |
| (ခ) | အုပ်ချုပ်မှုဆိုင်ရာ | ၄၉ | ချက် |
| (ဂ) | သန့်ရှင်းရေးဆိုင်ရာ | ၁၇ | ချက် |
| (ဃ) | အဆောက်အဦဆိုင်ရာ | ၁၅ | ချက် |
| (င) | အကျဉ်းသားမိသားစုနှင့်ဆက်သွယ်ခြင်းဆိုင်ရာ | ၇ | ချက် |
| (စ) | ထောင်ဝင်စာတွေ့ဆုံမှု | ၂ | ချက် |
| (ဆ) | အစားအသောက်ဆိုင်ရာ | ၃ | ချက် |
| | စုစုပေါင်း | ၁၁၄ | ချက် |

၆။ ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အချုပ်ခန်းများကို ကြည့်ရှုစစ်ဆေးရာတွင် ယခင်ကြည့်ရှုစစ်ဆေးစဉ်က အကြံပြုချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခြင်း၊ ယခုကြည့်ရှုစစ်ဆေးစဉ် အကြံပြုချက်များအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေကိုလည်း ပြန်လည်ကြည့်ရှုစစ်ဆေးသွားမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂ ရက်